


# လမင်မိုမို

ရင်ထဲမှာသာတိတ်တခိုး

# (၁)

အက်ဒစ်တင်းစက်ခန်းကို တံခါးတွန်းဖွင့်ဝင်လာသံကြောင့် သုန္ဒရက လည်ပင်းလိမ်ကာ လှည့်ကြည့်လိုက်ပါသည် ။ ရှေ့မှ သူ့မန်နေဂျာ စိုးဦး၊ နောက်က ဒါရိုက်တာ ကိုဝင်းသု ပါလာသည် ကို တွေ့လိုက်ရ၍ သူ့ဘေးမှ ပလတ်စတစ်ခုံ တစ်ခုကိုဆွဲကာ နေရာချပေးရင်း ...

"ကိုဝင်းသု ... ထိုင် ... အဆင်သင့်ပဲ ... ဟိုနေ့ကကား အခု ကိုပိုင်အခန်းတွေ ပြန်ထည့်ကြည့်နေတယ် ... ကိုဝင်းသုနဲ့ တစ်ခါတည်းဆက်ရုံပဲ ... ဒီည ဒီမှာ အိပ်မလား ..."

"အိပ်ဆိုလည်း အိပ်ပါ့မယ်ဗျာ"

"ဒီကားလေး မြန်မြန်ပြတ်သွားအောင်လေ ... သန်ဘက်ခါ တစ်ကားစမယ်ဆို ..."

"ဟုတ်ပါတယ်ဗျာ"

ကိုဝင်းသုက သူ့လွယ်အိတ်ကြီးကို နီးရာတစ်နေရာလှမ်းတင်လိုက်သည် ။ စိုးဦးက မှန်ခန်းလေးရဲ့ ထောင့်တစ်နေရာ ကော်ဇောခင်းပေါ်ပဲ ထိုင်ချလိုက်ကာ ...

"အာစိ ... ဝတ္ထုဖတ်ပြီးပြီလား"

"လာပြန်ပြီလား ... အာစိ"

"ပြောင်ရင်း နောက်ရင်း နှုတ်ကကျိုးသွားပြီ အာစိရဲ့ "

စိုးဦးက သူငယ်ချင်းဖြစ်ကာ သုန္ဒရ ဗီဒီယို ရုပ်ရှင်လုပ်ငန်းလုပ်တော့ သူ့လုပ်လက်စ ရုံးအလုပ်မှ ထွက်ကာ သုန္ဒရရဲ့ မန်နေဂျာဝင်လုပ်ပါသည် ။

"ကဲပါ ... ဝတ္ထုဖတ်ပြီးပြီလား..."

"ပြီးပြီ ... ကြိုက်တယ် ...လုပ်လေ ကိုဝင်းသု...အဲဒီဇာတ်လမ်းလေးပဲ လုပ် လိုက်လေ...မင်းသားရော ပြပေးပြီးပြီလား..."

"မင်းသားက ကျွန်တော့်ကို ပေးဖတ်တာ အာစိရဲ့ ... အဲဒါလေး ရိုက်ချင်တယ်ပြောတာ အာစိကားအတွက် ဇာတ်လမ်းမရသေးတာသိလို့ ပေးဖတ်လိုက်တာ နေလွင့်ရက်လည်း ရပြီးသားဆိုတော့ အံကိုက်ပဲ..."

"ကောင်းတယ် ... ကိုဝင်းသု ...ဒါဆိုအတော်ပဲပေါ့... မင်းသမီးကရော မင်းသမီးကတော့ ဒီကာရိုက်တာနဲ့ က 'ဆိမ့်'နဲ့ လိုက်တယ်..."

"ဆိမ့်"

သုန္ဒရက ခပ်တိုးတိုး အင်တင်တင် ရေရွတ်လိုက်ပြီး စားပွဲပေါ် လက်ချောင်းကလေးတွေ တစ်ဒေါက်ဒေါက်ခေါက်ကာ ငြင်းဖို့ အကြံထုတ်နေပါသည် ။ အကြံထုတ်ရင်းကပဲ စိုးဦးကို သတိရကာ မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်သည် ။ စိုးဦးကလည်း သုန္ဒရကို မျက်လုံးထောင့်ကပ်ပြီး ကြည့်နေနှင့်ပါသည် ။

သုန္ဒရက စိုးဦးနှင့် အကြည့်ချင်းဆိုင်သွား၍ ခပ်အမ်းအမ်းဖြစ်ကာ နဖူးကို အနည်းငယ် ကုတ်လိုက်ရင်း...

"မိုးကေသီဆိုရင် ကောင်းမယ်ထင်တယ် ကိုဝင်းသုရဲ့ "

"ဟာ...မိုးကေသီနဲ့ က ကာရိုက်တာချင်း တလွဲကြီးပဲ အာစိရဲ့ ..."

"ဟာ…အာစိမခေါ်ပါနဲ့ ဗျာ… ကိုဝင်းသုရာ…"

"ဆရာသမားနာမည်က ရှည်တယ်လေ…ခေါ်လို့ လည်း ပါးစပ်ထော င့်တယ်လေ…"

"မိုးကေသီ အမူအရာက ကောင်းတယ်ဗျ…"

"ဆိမ့်ထက်ကောင်းတယ်လို့ အာစိပြောနိုင်သလား…"

"ဒီလို မပြောပါဘူး…ခုဟာက မိုးကေသီ ပိုကောင်း မလား လို့ … ဒါ မှ မဟုတ်ရင်လည်း ခင်ကံ့ကော်ဦးဆိုလည်း …"

"ဟာ…အာစိပြောတာတွေနဲ့ တစ်ခုမှ မဟပ်မိဘူး … မင်းသမီးနေရာ က ကောင်မလေးက တော်တယ်… ထက်တယ် … မဟုတ်မခံဘူး … ဘ ဝနာထားတယ်…ဒဏ်ရာရထားတယ် …ဒါတွေဟာ ဆိမ့်နဲ့ ပင်တိုင်အလို က်ဖက်ဆုံး ကာရိုက်တာတွေပဲ … ဝတ္ထုကို ဖတ်လိုက်တာနဲ့ မင်းသမီးနေ ရာမှာ ဆိမ့်ရုပ်ကို ထွက်နေတာပဲ…"

"ရုပ်တောင် ထွက်နေတယ် … ခင်ဗျားဟာ ပိုလွန်းပါတယ်ဗျာ…"

"ကျွန်တော်က လိုက်လို့ လိုက်တယ်ပြောတာဗျ… သူနဲ့ အလုပ်လုပ် ဖူးနေတာပဲ … ဒီခံစားချက်တွေက သူ့ရုပ်ပေါ်မှာ အလိုလိုထင်ဟပ်နေတ ယ် …ဒါတွေလုပ်ရရင် သူအပိုင်ဆုံးပဲဗျ…ဘာဖြစ်လို့ လဲ အာစိက ဆိမ့် ကို မကြိုက်ဘူးလား … ဘာမကြိုက်လို့ လဲ…"

သုန္ဒရက ခပ်လေးလေးနှင့် …

"မကြိုက် မရှိပါဘူး…ကျွန်တော်က မိုးကေသီနဲ့ ရိုက်ဦးမယ်လို့ စိတ် ကူးထားလို့ ပါ …"

"ဒီတစ်ကားရိုက်ပြီး ဒီလောကက ထွက်မှာ ကျနေတာပဲ အာစိရယ်

…”

“ဟာ … ကိုဝင်းသုကလည်း ပါးစပ်ပုပ်နဲ့ မပြောပါနဲ့ ဗျာ ဒီကောင်က ဒီလောကက ထွက်ပြီး ဒီအလုပ် လုပ်မစားလည်း လုပ်စရာတွေက အပုံ … ကျွန်တော်က အလုပ်က ထွက်ထားရတာ… သူ ဒီကဖြုတ်လိုက်ရင် အလုပ်လက်မဲ့ ဖြစ်မယ့်ကောင် … ခုမှ သုံးကားရိုက်ရသေးတယ်… ဒီ လောက က ထွက်စကား မပြောနဲ့ …”

“သဘော ပြောပြနေတာ … မင်းအာစိက ခုချက်ချင်းပဲ မိုးကေသီနဲ့ ရိုက်မှ ဖြစ်မလို ဖြစ်နေတာကိုး…”

ကိုဝင်းသုမှာ ပေါင်းလို့ သင်းလို့ ကောင်းသော လူငယ်ပိုင်းထဲကပဲ ဖြစ်၍ သုံးကားတွဲရိုက်အပြီးတွင် သုန္ဒရတို့ နှင့် အတော် ခင်မင်နေပါသည် ။

“မိုးကေသီတော်ပါတယ် … မဆိုးပါဘူး … တအားလည်း တက်လာတယ် ဒါပေမဲ့ ဒီကားက ဆိမ့်ရဲ့ ကားဗျ… သူမှ သူ လိုက်ဖက်တာဗျ နို့မို့ … ဘယ်သူ ဆွဲရိုက်ရိုက်… တချို့ဇာတ်တွေရှိတယ်လေ … ဘယ်သူနဲ့ မဆို လိုက်တယ် ဘယ်သူသရုပ်ဆောင်ဆောင် ရတယ်…”

သုန္ဒရသည် ဘာမှ စကားမပြန်။ ရင်ထဲ လေးပင်ပင် ဖြစ်လာသည် ။ ဒီလောကထဲ ထုတ်လုပ်သူ အဖြစ်စဝင်ကတည်းက သူမကို တစ်ကွေ့မဟုတ်တစ်ကွေ့ မကြုံဖြစ် ကြုံရမည်ဆိုတာတော့ ကြိုသိ မျှော်လင့်ပြီး သားပါပဲ။ သူမကလည်း အောင်မြင်နေသော မင်းသမီးတစ်လက် ဖြစ်နေသည် မဟုတ်လား။

ကြုံရတော့လည်း ဘာဖြစ်လဲ ။ သူလည်း သူ့အလုပ်သူ ရွေးချယ်လုပ်တာ ဖြစ်သလို သူမလည်း ပဲ သူမရဲ့ အလုပ်သူမလုပ်နေတာပဲ။ ကြုံတော့လည်း ကားရိုက်လိုက်ရုံပဲပေါ့။ ခပ်တည်တည်ပေါ့ရယ်လို့ သုန္ဒရ အတွေး

ကြီးထားပါသည် ။

မေမေကိုယ်တိုင်က ဒီ ဗီဒီယို ထုတ်လုပ်သူ အဖြစ် ဒီလောကထဲ သုန္ဒရ ဝင်မည်ဆိုတော့ တားမြစ်ပါသေးသည် ။ တခြား အလုပ်လုပ်ပါ သားငယ်ရယ်တဲ့ ။ ဟိုတစ်ယောက်နဲ့ က မဆုံမဖြစ် ဆုံရတွေ့ရ ဆက်ဆံရမှာတဲ့ ။ သုန္ဒရက သားနဲ့ ဘာဆိုင်လို့ လဲရယ်လို့ ယတိပြတ်ပဲ ငြင်းဆိုကာ ဆုံးဖြတ်ချက်ကို မပြင်ခဲ့ပါ။

တကယ်တော့လည်း မဆိုင်ဘူးပေါ့လေ။ မဆိုင်ဘူးရယ်လို့ ပဲ အားလုံးက သိကြသည် ။ သူ့ရဲ့ လျှို့ဝှက်ချက်ကလေးကိုတော့ စိုးဦးတို့လို သူငယ်ချင်း တစ်ယောက်စနှစ်ယောက်စလောက်ကလွဲ၍ ပိုမသိခဲ့ကြပါ။ ကြာလည်း ကြာခဲ့ပြီလေ။ ကြာဆို ခြောက်နှစ်တောင်မှ ရှိပြီ။

ဆိမ့်နှင့် သုန္ဒရက အများ အသိ ဘာမှ ပတ်သတ်ဖူးသည် မရှိခဲ့တော့ တကယ်လို့ ဆုံရလည်း ပဲ လူစိမ်းတွေလို အလုပ်သဘော ဆက်ဆံလိုက်တာပေါ့ ဟု ပဲ သူ့စိတ်ထဲ ခပ်အေးအေး ပေါ့ဆဆ ရှိခဲ့တာပင်။ ခုလို သူမနှင့် ရိုက်မည်လို့ တစ်စုံတစ်ယောက်က ပြောလာသောအခါကျမှ သူရတ်တရက် ဘာကြောင့် စိတ်ကယောက်ကယက် အနှောင့်အယှက် ဖြစ်သွားရတာပဲ့ါလိမ့်။

တကယ်တမ်းကျတော့လည်း ဆုံရမှာ မျက်နှာ ပူသလိုလို ဘာလိုလို။ တစ်မျိုးကြီးမို့ ရသလောက် ရှောင်နေချင်သေးတာသာပင်။

“မိုးကေသီနဲ့ က ရိုက်ပါလေ့ … ဘယ်တော့ရိုက်ရိုက် ရတာပဲဟာ … ဘာလဲ … အာစိက မိုးကေသီကို သာမန်ထက် ကြိုက်တာများ ရှိသလား …”

“ဟာဗျာ … မဆီမဆိုင်ဗျာ …”

"သိဘူးလေ…မိုးကေသီပဲ ဖြစ်နေတာကိုး…"

"မိုးကေသီဖြစ်ဖြစ် ခင်ကံ့ကော်ဦးဖြစ်ဖြစ်လို့ ပြောသားပဲ…"

"ဘာလဲ…အာစိက ဆိမ့်မဖြစ်ရင် ပြီးရောလား…"

ဟုတ်တယ်ဆိုရင်ဆိမ့်နှင့်ဘာမပြေလည်သောအတိတ်ရှိလို့ လဲရယ်လို့ လူလည် ကိုဝင်းသုက ထင်ကို ထင်မှတ် တွေးတောတော့မှာ ပင်။

"မဟုတ်ပါဘူးဗျာ … မှားသွားမိပါတယ်…နော်…လိုက်မလားလို့ ပြောကြည့်တာပါ…"

"လိုက်မှ မလိုက်တာ ဆိမ့်နဲ့ ဒီလောက်လိုက်တာ…ဝတ္ထုဖတ်တာနဲ့ သိမှာ ပဲ ထင်နေတာ…"

သုန္ဒရသည် ယတိပြတ်တော့ ဆုံးဖြတ်မရသေးပဲ နဖူးကို ကုတ်ကာ ကုတ်ကာနှင့်…

"သူ့ဆီကရော ရက်ရပ့ါမလား…"

"သူ ကိုသစ်လွင်နဲ့ တစ်ကား ပျက်သွားတယ်ဗျ…ကိုသစ်လွင်က သူ့မင်းသားသစ် ဟိုကောင်လေးအတွက် ရက်တွေ အဝေးကြီးကတည်းက ကြိုချိတ်ထားတာ…ကောင်လေးက ဖျက်ထားတယ်… ရပ်ထားတယ်… သန်ဘက်ခါပြီး နောက်တစ်ရက်က ကိုသစ်လွင် ယူထားတဲ့ ရက်ပဲ…ကျွန်တော် မေးပြီးပြီ"

"အဲဒီရက်ကို ကျွန်တော့်တို့ ယူမယ်ပေ့ါ…"

"ဒါပေ့ါ"

"သူကရော… ကျွန်တော့်ကို ပေးပ့ါမလား…ကုမ္ပဏီ သစ်ကို…"

"သြော်….ဒီမှာ လေ … ဝင်းသုပါတယ်လေ…အာစိကို ချည်းပဲဆိုရင်

မရင်းနှီးသေးတော့ တခြား ကုမ္ပဏီ ဦးစားပေးရင် ပေးလိုက်မှာ ပေါ့… အခုက ကျွန်တော် တစ်ယောက်လုံးရှိတာ…”

“ဘာလဲ … ခင်ဗျားတစ်ယောက်လုံးပါရင် အပိုင်ပဲပေါ့”

“ပိုင်တယ်လေ… ဝင်းသုပဲ…”

“ဒါပေမဲ့ ကြားနေရတာကတော့ ကိုနောင်သစ်က ဆိမ့်ကို သိပ်ပိုင်တယ်ဆိုပါလား…”

စိုးဦးပြောလိုက်တော့ ကိုနောင်သစ်မှာ လူငယ်ဒါရိုက်တာ စူပါတစ်ယောက်ပဲ ဖြစ်ပါသည်။ သုန္ဒရက စိုးဦးကို မျက်စိစွေကာ ကြည့်သည်။

“ငါလည်း ကြားဖူးတာ ပြောတာပါ”

စိုးဦးက ဖြေရှင်းနေ၍ သုန္ဒရ ခေါင်းကိုယမ်းရင်း…

“မသေချာတာတွေ အတည်လုပ် မပြောပါနဲ့ ကွာ… မင်းသမီးတွေခမျာ အပြောခံရ အဆိုခံရ သိက္ခာကျပါတယ်…”

“ဟုတ်ပါတယ် အာစိ… တချို့ ကောလာဟလတွေက အမှန်ဖြစ်ပေမဲ့ တချို့ဟာတွေကျတော့ လုံးဝ အလွဲကြီးတွေဗျ…ကိုယ်တွေက ဒီထဲကပဲ အားလုံးသိဓာတ်သိ အကြောင်းသိ ဖြစ်နေလို့ သာ မဟုတ်တာ သိရတာ …ဒါပေမဲ့ ကောလဟာလတွေက ပရိသတ်ထဲ ရောက်သွားပြီဆိုရင် ကိုယ်ဘယ်လောက်လိုက်ရှင်း နိုင်လို့ လဲ…ကိုနောင်သစ်က ဆိမ့်နဲ့ ကားရိုက်များ တယ်… အပေးအယူညီတယ် ဟိုးအစပိုင်းကာလတွေ ကတည်းက သူ့ကို မြှင့်တင်နေရာ ထည့်ပေးခဲ့ သင်ကြားဆက်စပ်ပေးခဲ့မို့ ကိုနောင်သစ်စကားဆို ဆိမ့်က မငြင်းတာမှန်တယ်…ဒါပေမဲ့ ရိုးရိုးပါဗျာ… ကိုယ်လည်း သိနေတာပဲ…ဒီဒါရိုက်တာကလည်း လူပျိုဆိုတော့ ပိုပြောတာပေါ့….ကျွန်တော် ပိုင်တယ် ဆိုတာက ကိုနောင်သစ် ပိုင်သလိုတော့ မဟု

တ်ဘူး ...သူ့လောက်လည်း မပိုင်ဘူးပေါ့... ကျွန်တော်က ‘ဆိမ့်’ဆိုတာ ဖြစ်ပြီးမှ လက်တွဲဖူးတာပါ...ဒါပေမဲ့ ခင်မင်ရင်းနှီးတယ် တောင်းဆိုရင် ရတယ် ဒီသဘော ပြောတာပါ...”

စိုးဦးက ကိုဝင်းသုနား တိုးရွှေ့ပြန်ကာ...

“ဆိမ့်နဲ့ မင်းသားကိုလတ်ကကောဗျ... အဲဒီသတင်းကရော ကောလာဟလလား အမှန်လား...”

“အင်း... ဘယ်လိုပြောရမလဲ ကိုလတ်ကြီးကတော့ ရည်းစားများတာ အားလုံးအသိပဲဟာ...ဆိမ့်ကို အသေအလဲ လိုက်ဖူးတာပဲ ... တွဲတော့ တွဲလိုက်ကြတယ်ဗျ... ရည်းစား ဖြစ်မဖြစ်တော့ အတိအကျ မပြောနိုင်ဘူး တွဲသွားတွဲလာရှိတယ်... ဆိမ့်ရှူတင်ကိုလည်း ဗိုလ်လတ်ဆီက ဖုန်းက ဂရီးဂရီး ဝင်နေတာပဲ”

“ခု..ပြတ်သွားတာပေါ့...”

“ရည်းစားဖြစ်ခဲ့ရင်တော့ ပြတ်သွားတယ် ပြောရမှာ ပေါ့...ဗိုလ်လတ်က အခု ခင်ကံ့ကော်ဦးနဲ့ ပဲ...”

“ခင်ကံ့ကော်ဦးကလည်း တော်တော်ရည်းစားများ တယ်နော်...”

“များ တယ်... သူကတော့၊ သူတို့ ချင်း ရည်းစားဖြစ်တာကတော့ သေချာတယ်...ဖွင့်မကြေညာရုံ တစ်ခုပဲလေ... ဆိမ့်နဲ့ ကတော့ မသေချာဘူး...”

“တွဲတယ်ဆို...”

“တွဲတာကတော့ဗျာ...သူစဉ်းစားတော့ စဉ်းစားခဲ့မှာ ပေါ့...လူပျိုမင်းသားနဲ့ မင်းသမီးပဲဗျ... ဒါ အပြစ်မရှိပါဘူး... ဖူးစာကံ မပါတော့လည်း ဘယ်တတ်နိုင်မလဲ...ခင်ကံ့ကော်ဦးကပဲ ဗိုလ်လတ်ကို အတင်းလိုက်တာ

ပဲဗျ… ဒီကောင်မလေးကတော့ ဝါသနာ ထင်ပါတယ်ဗျာ … အခု နေလွင် ရှေ့နည်းနည်းတက်လာတော့ ဘာဆက်ဖြစ်မလဲ မသိဘူး နေလွင်ကို ပြောင်းကပ်ချင်ကပ်မှာ ပဲ…”

“ဒီလောကထဲရည်းစားဖြစ်ပြီး ပြတ်သွားပြီးတဲ့ နောက်လည်း အလုပ်ချင်း ပြန်ကြုံကြိုက်ရင် အေးအေးဆေးဆေးပဲနော်… မင်းသမီးရဲ့ ရည်းစားဟောင်းနဲ့ ရည်းစားသစ်ကလည်း ပြေပြေလည်လည် … ပြတ်ထားတဲ့ စုံတွဲချင်းလည်း ဖော်ဖော်ရွေရွေ မျက်နှာတွေ မပူကြဘူးလားလို့ စဉ်းစားမိတယ်…”

“ဒါကိုတော့ … ခင်ဗျားပဲ သွားတွေ့ဗျူးလိုက်တော့… ကိုစိုးဦးရေ…”

“ဟုတ်တယ် … ကိုယ်က ဝင်ကာစမို့ အရေမထူသေးတော့ သူတို့ အစား ကြားထဲက မျက်နှာပူ အားနာနေတာ … ဟိုတလောကပဲ ဗိုလ်လက်နဲ့ ဆိမ့်တစ်ကား ပြန်ရိုက်တယ်… ရှူတင်ပေါ်မှာ ပြုံးပြုံးရယ်ရယ်ပဲလေ ကျွန်တော်က ဗိုလ်လတ်ဆီက ကြားဖောက် ရက်သွားတောင်းရင်း ရှူတင်ပေါ် ရောက်သွားတာ…”

“ဒီလိုပဲဗျာ… မျက်နှာပူပြီး ဒီလူနဲ့ ဒီမိန်းကလေးနဲ့ မလုပ်ဘူးဆိုရင် လုပ်စားစရာ ဘောင်ကျဉ်းသွားမှာ ပေါ့… ကိုယ်ပဲ နစ်နာမယ့်ကိစ္စ…”

“လောကမှာ ပေါင်းသင်း ဆက်ဆံရေးမှာ တော့ မင်းသားမင်းသမီးတွေ အနပ်ဆုံး ထင်တယ်ဗျ… ပြီးရင် ခင်ဗျားတို့ ဒါရိုက်တာတွေပေါ့…”

“နှိပ်ပစ်လိုက်ပြန်ပြီ… ခင်ဗျားတို့ ရှူတင်မန်နေဂျာတွေမှာ အရှုပ်ဆုံးဗျ…ရှူတင်အချိန်ကျ မျက်နှာကြီး ပြုပြုပြီး ဟီးဟီးဟီးဟီးနဲ့ ပိုက်ဆံပေးရမယ့် အချိန်ကျ ပျောက်ပျောက်နေတာ …”

“ကျွန်တော်လည်း သုံးကားတောင် အတွေ့အကြုံရှိပြီး ပြီဆိုတော့

ပါးရည်နပ်ရည် ရှိလာရပြီပေါ့ဗျာ ... ဟဲ... တကယ်တော့ ကျွန်တော်တို့က ဒီငွေရှင်တွေရဲ့ ဓားစာခံပါဗျာ...”

“ဟော့ကောင်... ကိုယ့်အကြောင်းပဲ ကိုယ်ပြော...”

“ငါက မင်းဆီလုပ်နေတော့ မင်းနဲ့ ပါ နွယ်နေတာပေါ့...မကြိုက်ရင် ဖုံးထားပါ့မယ် အာစိရယ်...”

“မင်းလည်း ဘာမှ မကြာသေးဘူး .... မျက်နှာက ပြောင်ရွှတ်ရွှတ်နဲ့ ကွာ မျက်နှာကြောကို တုန်နေတာပဲ...”

“ဒါကြောင့် အမေကတောင် ပြောနေတယ်...အေးကွ မျက်နှာပိုးသတ်ဦးမှ ...”

“ကဲ...ကဲ တစ်ကိစ္စ ဖြစ်မယ်လေ အာစိ... ဆိမ့်ပဲ သဘောတူပြီနော် ...”

“ကောင်းမယ်ထင်ရင်လည်း ဗျာ”

“ထင်တယ်... ကောင်းမယ်ထင်တယ်...”

“ကဲ...လုပ်ဗျာ...”

တစ်နေ့မဟုတ် တစ်နေ့ တစ်ကွေ့မှာ ဆုံစည်းကြုံကြိုက်ရမှာ ပဲ ။ ပြေးလို့ လွတ်တာမှ မဟုတ်ဘဲ။ကိုယ်ကဒီလောကထဲ ဝင်ခဲ့ပြီပဲ။ လာမယ့်ဘေး ပြေးတွေ့ မြန်မြန်အေးတာပဲလေ။

“လုပ်ဆို ... အာစိလိုက်ခဲ့...တစ်ခါတည်း မျက်နှာသိသွားအောင်....”

“ဟာ...ခင်ဗျားပဲ သွားလိုက်ပါ ကိုဝင်းသုရာ...”

“ဟာဗျာ... ကျွန်တော်ပါမှာ ပါ...ပါကိုပါမှာ ...အာစိနဲ့ ကအစိမ်းကြီးရှိသေးတယ် ... ရုပ်ပြထားဦးမှ ... ဝင်ထွက်ထားဦးမှ ဗျ...”

"မလိုပါဘူးဗျာ..."

"နောက်အကြိမ်တွေမလို့ တောင် အခုတော့ လိုက်ခဲ့အာစိ...ဆိမ့်နဲ့ ခုမှ စတာ ... ကိုယ့်ကို သူသိမှတ်ထားဦးမှ လေ...ရှေ့တွေတုန်းကလည်း ခုမှ ပထမအကြိမ် ဆိုရင် ခင်ဗျားကို ကျွန်တော် ခေါ်ခေါ်သွားခဲ့တာပဲ"

"စိုးဦး လိုက်သွားလိုက်... သူ မန်နေဂျာပဲ ကိုဝင်းသုရ...ကျွန်တော့် ကိုယ်စားလှယ်ပဲဗျာ..."

"ဟာ...မတူဘူးလေ အာစိ ... ရှေ့တုန်းကလည်း လိုက်တွေ့ဖူးခဲ့ပြီး ဒီတစ်ယောက်ကျမှ မာနကြီးနေ ပြန်ပြီ ဘာဖြစ်လို့ လဲ..."

"စိုးဦးပါလည်း အတူတူပါပဲဗျာ"

"မတူဘူး ဆရာသမား ... နောင်လည်း ကိုယ့်ကို မျက်နှာ နာနေရမယ် နောက်ထပ်ရက်တွေ ယူစရာ ချိတ်စရာ အလုပ်လုပ်စရာ အများကြီး ရှိတယ်..ဆိမ့်နဲ့ ကျမှ ထူးနေပါတယ် ဘာလဲအာစိ... ဆိမ့်နဲ့ သိဖူးသလား ... ဘာဇာတ်လမ်းလဲ..."

"ဟာ...ဘာဇာတ်လမ်းမှ မရှိပါဘူး"

တစ်နေ့နေ့တော့ သူနှင့်ဆိမ့် သိကျွမ်းတာ ကိုဝင်းသုလည်း သိသွားမှာ ပေါ်သွားမှာ ပဲမို့ လိမ်ညာဖုံး၍ တော့ မထားလိုဘဲ အသိတော့ ခံရပေမည်။ လုံးဝမသိဖူးသလို ကိုယ်က ပြောထားပြီးမှ သိဖူးကြောင်း ပေါ်သွားပါကတွေးစရာတွေက အမှန်ထက်ကို လွန်ထွက်သွားနိုင်စရာရှိသည် ။ အဲဒီကျ ကိုယ်ရောသူပါ နစ်နာမည်။

"သိရုံ သိဖူးတာပါ"

"ဟော...နည်းနည်း အစထွက် လာပြီ..."

“အစကလည်း ဒါပဲ ...အဆုံးလည်း ဒါပဲဗျာ... ခင်ဗျားကလည်း စိုးဦး လည်း သိပါတယ် ...ငယ်ငယ်တုန်းက ဆုံဖူးတာ ... သိပ်ကြီးမရင်းနှီးပါဘူး ကျွန်တော့်အစ်ကိုနဲ့ သာ သူငယ်ချင်းပါ...”

“ဩော်....ဒါဖြင့် ပိုတောင်ကောင်းသေးတာပဲ...ဘာဝန်လေးစရာရှိလဲ...”

သုန္ဒရက ခေါင်းကို တကျိုကျို ကုတ်ပစ်လိုက်ပါသည် ။ စိုးဦးက မျက်လွှာလှန်ကာ ကြည့်ရင်း...

“မင်းဟာမင်းသွား ငါသွားလည်း မင်းကုမ္ပဏီဆိုတာ ပြောရမှာသိမှာ ပဲ ... မထူးဘူး တစ်နေ့မတွေ့ တစ်နေ့တွေ့ရမှာ ပဲဟာ မင်းက အိမ်ထိုင်နေတဲ့ ကောင်လည်း မဟုတ်ဘူး ရှေ့ကားတွေလည်း ရှုတင်ပေါ် မင်းပါ ပါတာ....ငါတို့ မှုလုပ်နေတာဆိုတော့ မင်းနဲ့ လည်း မဆုံမရှိပါဘူး ...လေးငါးခြောက်ရက်ထဲ တစ်ရက်မဆုံတစ်ရက်ဆုံရမှာ ... ဒီတစ်ခေါက် မဆုံရင်တောင် နောက်တစ်ကားကျ ဆုံရမှာ ... သူနဲ့ မရိုက်လည်း မရဘူး... သူကတော့ပ်ပဲ...စောစောစီးစီး မျက်နှာသွားပြထားလိုက်...”

စိုးဦးစကားက မှန်နေ၍ ငြင်းရခက်သည် ။ ဆိမ့်နှင့်တွေ့ဖို့ လိုက်ဖို့ ဤမျှ ဝန်လေးနေသော ပရိဂ္ဂဟူဆာ လက်သစ်ကိုလည်း ကိုဝင်းသုက အကဲခတ်လျက်ရှိပြီ။ ဘာမှ မဖြစ်သလို အေးအေးဆေးဆေး ဟန်ဆောင်နေလိုက်မှ သင့်မည်။ နို့မို့ပွကုန်မည်။ ဘာမှ မဖြစ်ဘဲ သူနေ နေတာပါပဲ။ တကယ်တမ်း တွေ့ရတော့မည် ဆိုတော့လည်း ရင်ထဲ ပထမဆုံး ဖူးခဲ့သောပွင့်ဦးက ရနံ့မပြယ်သေးသလို သုန္ဒရ ရင်ကို လှုပ်ရှားစေလာခဲ့ပါသေးသည် ။

“ညိုမီ...ညိုမီ မပြန်နဲ့ ဦးလေ...”

ဆိမ့်ရဲ့ အသံလွင်လွင်စာစာကလေးက အခန်းထံမှ လွင့်ထွက်လာ

တာနှင့် မရှေးမနှောင်းပင် ဧည့်ခန်းဆီအကူး ဇာခန်းဆီးထူထူ ဖြူဖြူကြီး ပိုက်ချည်ထားသည့် နောက်မှ ဆိမ့်ခေါင်းကလေး ပြူလာသည် ။

"ဘာလို့ မပြန်ရမှာ လဲ ... ဘာများ ကျန်သေးလို့ လဲ... လူလည်း ဖ တ်ဖတ်မောနေပြီ..."

ညိုမီက ပြောပြောဆိုဆို သူ့အိတ်ကို ဆွဲကောက်လွယ်ကာ ဓွတ်ပင် ပြန်တော့မည့် ပုံ ပြင်သည် ။ ဆိမ့်က ဧည့်ခန်းဆီ ထွက်လာကာ ညိုမီ့လ က်ကို ဆောင့်ဆွဲ၍ ဆိုဖာ မီးခိုးရောင်ကြီးပေါ် ပြန်ထိုင်ချစေကာ...

"မပြန်ပါနဲ့ ဦးဆို ... ဒီမှာ ခေါင်းလျှော်ပေးသွားဦး...ဆံထုံးကြီးပဲဖြု တ်ပြီး ဒီတိုင်း ထားပစ်ခဲ့တယ်..."

"ဆံထုံးဖြုတ်ပေးပြီး...ပြီးပြီပေါ့..."

"ဒီဆံပင်တွေ ကော်တွေနဲ့ ဂျောက်ကပ်ကြီး ဖြစ်နေတဲ့ ဟာကိုး ... ဒီ တိုင်းပဲ ထားခဲ့လို့ ဖြစ်ပါ့မလား...ခေါင်းလျှော်ပေးပါဦး..."

"အမလေး ... ဝဲပစ်လိုက်ပေါ့ ခပ်ဝေးဝေးပဲ ... သူ့ကျခေါင်းလျှော်ချင် တယ် ... ဒီမှာ သူများ ရော ရေချိုးချင်မယ်လို့ မထင်ဘူးလား ...နားချင် လှပြီ ဒီနေ့လောက်ပင်ပန်းတာ မရှိဘူး... ဟိုတစ်ယောက်ကလည်း ခိုင်း လိုက်တာ မပြောလိုက်ချင်ဘူး ... လူကို တန်အောင် နေပူလှန်းတော့တာ ပဲ..."

"ရေချိုးရင်ချိုးပေါ့ ... ဒီမှာ ချိုးလိုက် နောက်ဖက်ရေချိုးခန်းမှာ သွား ချိုးလိုက်သွား...ငါလည်း ရေချိုးဦးမှာ ပဲပြီးမှ ခေါင်းလျှော်မယ်..."

"ဘုရားရေ ... ဇိမ်ယူလိုက်တာ တစ်ခါတည်း လျှော်ချလိုက် ပြီးရော ..."

"လျှော်စရာလား ..တစ်ခါတည်း လျှော်စရာလား...ဇိမ်ကျကျ ခေါင်း

လျှော်ဖို့ ခုံဝယ်ထားပြီးမှ ဒီတိုင်း ရေပန်းနဲ့ လျှော်စရာလားလို့ ...”

“မပြောလိုက်ချင်ဘူး ... ပြီးရော ဒီမှာ ပဲချိုးဆိုရင်လည်း ချိုးမယ်။ အင်္ကျီလုံချည်ပေး အသစ်ပေးနော် ဝဲကူးမယ်”

“အမလေး သူကပဲ ပြောရသေးတယ်...”

“ဟီဟီ...”

ညိုမြီက အိတ်ကို ပြန်ပစ်ချကာ အိမ်တွင်းထဲ ပြန်ဝင်လာသည် ။ ဆိမ့်အိမ်မှာ တော့ သူက ဝင်ထွက် စားသောက်နေကြပဲမို့ နောက်ဖေးဘက်ရေချိုးခန်းဆီ တန်းကာပင် ဝင်သွားသည် ။ မီးဖိုထဲက ကောင်မလေး စန်းမြကို...

“ဟဲ့... စမ်းမြ ... ရေပူအိုး ခလုတ်ဖွင့်ထားရဲ့ လား... ငါစပ်ချိုးမှာနော် ... မိုးကအေးတယ် ... နွေးနွေးချိုးမှ လူ အညောင်းပြေတာ...”

“ခလုတ်ဖွင့်ပြီးပြီ ပူနေပြီ...”

“နင့်အစ်မအခန်းရော...”

“အသင့်ပဲ ... မမ အခန်းက အစကတည်းက အသင့်ဒီရေချိုးခန်းလည်း အစ်မက မညိုမြီချိုးမယ်လို့ ခုန ပြောလို့ ကြိုဖွင့်ပြီးသား...”

“တော်လိုက်တာ လွန်ပါရော...ဟဲ့..ငါ့ကို ရှောက်သီး စပ်စပ်လေး လုပ်ကျွေးပါလားဟယ်...”

“ရှောက်သီးသုပ်...”

“အင်း...”

“ဒီအချိန်ကြီး...”

“ဘာဖြစ်လဲ ... ရှောက်သီးသုပ် ညဘက်မစားရဘူးရှိလို့ လား...”

"ဟာ…မသုပ်ချင်ပါဘူး … သုပ်ရင် မမပါ လိုက်နှိုက်စားလိမ့်မယ်… မျက်နှာဖုပေါက်မယ် ကြီးကြီးဆူလိမ့်မယ်…"

"ပိုကို ပိုလွန်းတယ် …ငါ့ဟာငါ တစ်ယောက်တည်းစားမယ့်ဟာပဲ… ဒါဖြင့် ငါအခု ဘာစားရမှာ လဲ…"

"မမက ဖက်ထုပ်ပြုပ်ခိုင်းတယ်…"

"ဟွန်း…ငါစားချင်တာက အချဉ်အစပ်…သူတို့ ကျွေးတာက အအီအချို…"

ညိုမီ ရေချိုးခန်းထဲ ဝင်သွားတာကို စန်းမြက ပြုံးစိစိကြည့်ကာ ကျန်ရစ်ပါသည် ။ တောက်လျှောက် မမဆိမ့်ရဲ့ မိတ်ကပ်သမားဖြစ်သော ညိုမီ့ကို ဆွေမျိုးနှယ်နီးနီး ခင်မင်ရင်းနှီးနေပါပြီ။ အရင်ကတော့ ဆက်ဆံရအမ်းခဲ့သော်လည်း ခုတော့ ပြောရဲဆိုရဲ အလွန်ဆက်ဆံရေး ဖြောင့်ဖြူးနေပါသည် ။

ရောက်ရောက်ချင်း ခြေလက်ဆေး ကိုယ်လက်သုတ်သင်ကာ ရေမချိုးနိုင်သော ကြီးကြီးက သင်းကြူ သွေးပေးသော သနပ်ခါးကို ကျဲကျဲလုပ်ကာ အပြင်ထွက်လာပါသည် ။

"ရေချိုးခန်းထဲက ဘယ်သူလဲ"

"မညိုမီ ကြီးကြီး"

"မပြန်သေးဘူးလား…"

"မမက ပြီးရင် ခေါင်းလျှော်ပေးဦးဆိုလို့ …"

"ဟဲ့ …ဒါဖြင့် ဒရိုင်ဘာကို ဆင်းပြောဦး … မန်းနီးကို ခဏပြန်ရင်ပြန်လို့ နာရီဝက် တစ်နာရီမှာ ပြန်ခဲ့လို့ ကြားလား သင်းကြူ…"

ဒရိုင်ဘာမန်းနီးမှာ တစ်ရပ်ကွက်တည်းမှာ ပဲ အိမ်ချင်း မဝေးလှပါ။ တစ်နေကုန် ကားမောင်းပေးပြီး ညကို သူ့အိမ် သူပြန်အိပ်သည် ။ သူ့အိမ် ပြန်တုန်း အရေးပေါ်လျှင်လည်း အလွယ်တကူ အချိန်မရွေး လိုက်ခေါ်နိုင်၍ အဆင်ပြေလှသည် ။

"ဟုတ်ကဲ့ ကြီးကြီး..."

"အိပ်မသွားနဲ့ ဦးလို့ ... ပြန်လာဖို့ မမေ့နဲ့ ဦး...ညိုမီ လိုက်ပို့ရဦးမယ် ..."

"ဟုတ်ကဲ့..."

ဆိမ့်တို့ သည် မြေနီကုန်းရှိ အဆင့်မြင့် တိုက်ခန်းကျယ်ကြီးတစ်ခုတွင် နေထိုင်ပါသည် ။ အိမ်သားများကား ဆိမ့် ကြီးကြီး၊ စန်းမြနှင့် သင်းကြူ မိန်းမသား လေးယောက်မျှသာတည်း။

"ကြီးကြီး ... ဘာစားမလဲ ထမင်းစား..."

"မစားတော့ပါဘူး ... ဖက်ထုပ်လည်း မစားချင်ပါဘူး ငါ့ကို ပေါင်မုန့်လေးနှစ်ချပ်ပဲ မီးကင်ပေးတော့... အိုဗာတင်းလေး ဖျော်ပေး..."

"ဟုတ်..."

ဆိမ့်သည် သူမ အိပ်ခန်းနှင့် ဆက်ရက် ရေချိုးခန်းထဲတွင် ရေချိုးကန်ကြီးထဲ ရေနွေးနွေးနှင့် စိမ်ကာ အကြောလျှော့ လဲလျောင်း၍ မျက်စိကလေးကို စုံမှိတ်ထားလိုက်ပါသည် ။ ထွက်သက်ကို ပြင်းပြင်း မှုတ်ထုတ်ကာ အလုပ်တာဝန်တွေရားတို့ ကို ခေါင်းထဲမှ တစ်ခဏ မေ့ဖျောက်ထုတ်လိုက်လျှင် အမောလေး သက်သာသွားသယောင်ပင်။

မိတ်ကပ် လိမ်းခြယ်ကာ လှလှပပ ဝတ်စားဆင်ပြင် သရုပ်ဆောင်နေရသော သူမတို့ ရဲ့ မင်းသမီးဘဝကို သက်သောင့်သက်သာ ငြိမ်းချမ်းလှ

ချည်ရဲ့ ဟု အားကျသူ ရှိလျှင်တော့ ဆိမ့်က လှောင်ပြုံးကလေး ပြုံးချင်ပေးသည် ။

နေပူမီးပူလောင်ကာ မောဟိုက် ပင်ပန်းရသမျှကို လူတွေအပေါ်ယံ ရိပ်မိမည်မထင်။ မောရခြင်း၌ စိတ်မောရတာရော ၊ လူမောရတာရော ပါသည် ။ လူမောရတာက အနားယူလို့ ပြေပျောက်သည် ။ စိတ်မောရတာက အနားယူရုံနှင့်မရ။ မိဘမရှိတော့သော ဆိမ့်ဘဝ၌ ကြီးတော် တစ်ယောက်ကို ကျောထောက်နောက်ခံ အားကိုးပြုကာ ဒီလောက ထဲ ဝင်ဆန့်ကျင်လည်နေရသည် မှာ တကယ့်ကို ရင်မောဖွယ် ဖြစ်ပါသည် ။

လူမလေးမခန့် မဖြစ်ရလေအောင် အလွယ်တကူ စော်ကား မော်ကား မပြုရဲအောင် မနည်းကြိုးစား ကျားကန်ထားရပါသည် ။ ဒီလောက်ထိအောင်မြင် လာပြီ ဆိုတော့လည်း ဤအောင်မြင်မှုက ဆိမ့်အတွက် အကာအကွယ် တစ်ခုတော့ ဖြစ်သားပင်။ ဤမျှ မအောင်မြင်ခင်ကတော့ မလေးမခန့် ပြုမူ ပြောဆိုခံရခြင်းမျိုးကို အနည်းအကျဉ်းမျှ ကြုံဖူးပါသည် ။

ဆိမ့် အနေမှန်းလွန်းလို့ သာပင်။ ဒါတွေကြောင့်လည်း ဤကြားထဲ အချစ်ရေးကို ခေါင်းထဲတော့ ထည့်စဉ်းစားခဲ့သေးသည် ။ တံတိုင်းတစ“ ရတယ်…”ခုသဖွယ်မှ ဖြစ်ပါစေတော့ရယ်လို့ ပင်။ ဆေးအတွက် လေးမှာမျိုးကိုလည်း မိန်းမပျိုလေးတစ်ယောက်အနေနှင့် တွေးကြောက်ရပါသေးသည် ။

အင်း…။

ကိုလတ်ကို စဉ်းစားခဲ့စဉ်ကလည်း နှလုံးသားနှင့်ထက် ဦးနှောက်နှင့် သာပင် ။ လက်ခံဖို့ အတော်ကြိုးစားစဉ်းစားနေတုန်းပဲ ကိုလတ်က ခြေလှမ်းပျက်သွားခဲ့သည် ။ စောစောပြတ်တာပဲ ကျေးဇူးတင်ရဦးမှာ ။ ကံ

ကော်က ဇွတ်အတင်းချဉ်းကပ်တဲ့ နောက် ကိုလတ် ပျော့ပါသွားခဲ့ပါသည် ။

အသည်းမကွဲရပေမဲ့ အနေအထားပျက်ကာ စိတ် အနှောင့်အယှက်တော့ ဖြစ်လိုက်ရတာပင်။ ဟိုတစ်ရက်က ကိုလတ်နှင့် ပြန်တွဲရိုက်စရာကြုံလာတော့ အနေအထိုင် အပြောအဆိုကို အထူးဆင်ခြင်ခဲ့ရသည် ။ သိပ်တန်းသွားလျှင်လည်း ဆိမ့်က သူလက်က လွတ်ထွက်လို့ မကြည်ဘူး ထင်ခံရဦးမည်။ သိပ် ပလူးပလဲပြန်လည်း ကံ့ကောက်လက်မှ ပြန်ဆွဲဆောင်ရာ ကျပေဦးမည်။

မလျော့မတင်း အလိုက်သင့် ကြည်ကြည်သာသာတော့ ဆက်ဆံရပေသည် ။ ဆိမ့်နှင့် ရိုက်နေရမှန်းသိ၍ ကံ့ကော်ကလည်း ရှူတင်ကို တစ်ရက်လျှင် ဖုန်းအကြိမ်အစိတ်ထက်မနည်း ခေါ်သည် ။ မင်းသားဖုန်းပြောတာ စောင့်ရတာပဲ အလုပ်တစ်ခု။ မျက်နှာပျက်လျှင် အထင်လွဲခံရမည်ကြောက်၍ မျက်နှာမပျက်ရဲ့ ။ ပြုံး၍ စောင့်ပေးရသည် ။

ခေတ် အခြေအနေကိုက မင်းသားခေတ်။ မင်းသားအားလုံးနှင့် အလိုက်သင့် ရင်းနှီးအောင် ပေါင်းသင်း ဆက်ဆံရသည် ပဲ မဟုတ်လား။ ရှူတင်ကို ကံ့ကော်လိုက်လာတုန်း အချိန်ကျမှ လပ်ဗပ်ဆင်း ရိုက်နေရတာကိုတော့ ကသိကအောက် စိတ်မော အနေခတ် လိုက်ရပါသေးသည် ။

ဤလောကကား ဟန်ဆောင်ကောင်းဖို့ လိုပေသည် ။ ရုပ်ရှင်ထဲ ဗီဒီယိုထဲသာမက ပြင်ပ ပေါင်းသင်းဆက်ဆံရေး၌ ပါ သရုပ်ဆောင်ကောင်းနေရပါသည် ။

“ဂါဂူးရေ…ဂါဂူး…”

“ရှန်… ကြီးကြီး…”

ရေချိုးခန်း တံခါးပုတ်သံကြောင့် ဆိမ့်က အလန့်တကြားလေး ပြန်အော်လိုက်ပါသည်။ ရေချိုးခန်းထဲမှ အရုပ်နာရီလေး လှမ်းကြည့်လိုက်မှ ဘုရားရေ ရေနွေးစိမ်ကာ ဖိမ်ယူနေမိသည် မှာ နာရီဝက် အတိရှိပြီ။

"မပြီးသေးဘူးလား... ညိုမြီ အော်ဟစ်နေပြီ..."

"ပြီးပြီ ကြီးကြီး...ထွက်ပြီ...ထွက်ပြီ..."

ကြွေကန်ကြီးထဲမှ ထွက်ကာ ရေပန်းအောက်၌ ဆပ်ပြာမြှုပ်စင်အောင် ခဏတစ်ဖြုတ် ရေဖွင့်လောင်းရကာ ကမန်းကတန်း ရေချိုးခန်းမှ ထွက်ခဲ့ရပါသည် ။ စပန့်သား ဂါဝန် ပန်းဖျော့ အပွင့်ကလေး စွပ်ချဝတ်ပြီး ... အိပ်ခန်းမှ ထွက်လာလျှင် ညိုမြီတစ်ယောက်က စားရင်းသောက်ရင်း စူပွနေပြီ။

"အမလေး...ရေထဲပဲ ပျော်ဝင်သွားပြီလားလို့ ..."

"မေ့းခနဲလေး ဖြစ်သွားလို့ ဟာကို"

"အမလေး... မေ့းခနဲလေးတဲ့ ...လာလာချည်သေး...ဘယ်မလဲ ခေါင်းက... မလျှော်ရင်လည်း နေတော့"

"လျှော်မယ်ဆိုနေတာ ... စိတ်ကိုမရှည်ဘူး...ပါးစပ်က ရန်တွေ့ရင်တွေ့...မတွေ့ရင် စားတာကိုစား နှစ်ခုပြိုင်မလုပ်နဲ့ ..."

"ဟွန်း..."

ပလုတ်ပလောင်းစားရင်းမျိုရင်း ရန်တွေ့နေသော ညိုမြီက မျက်စောင်းရွယ်သည် ။

"ရှင်က စားဦးမှာ လား"

"ခေါင်းလျှော်ပြီးမှ စားမယ်..."

“မလျှော်ခင် စားရင်လည်း မစောင့်တော့ဘူးလို့ ပြောမလို့ ...”

ဆိမ့်က ခေါင်းလျှော်သည့် အိပ်စင်အရှည်ကလေးဝယ်ကာ ထမင်းစားခန်း နံရံတစ်ဘက်ဘေးကပ်၍ တပ်ဆင်ထားပါသည် ။ ခေါင်းရင်းဘက်မှာ ကြွေကန်ကို အိမ်ပြင်ကတည်းက တစ်ခါတည်း ထည့်ဆင်ကာ တပ်ထားသည် ။ ကြွေကန်ရဲ့ ဟိုဘက်ခေါင်းရင်းကမှ ညိုမြိက ရပ်၍ လျှော်ရုံပင်။

“ကဲ...လာချည်...တက်...”

ဆိမ့်က အိပ်စင်ရှည် ဆိုဖာမည်းမည်းလေးပေါ် တက်လိုက်ရင်း...

“မျက်နှာလေးပါသစ်ပေးဦး...တစ်ခါတည်း နှိပ်ပြီး တော့...”

“အမလေးတော်...“

ရင်ကိုဖိကာ ရွှေ့ရွှတ်သော်လည်း ရေချိုးလိုက်ရ ဗိုက်ဖြည့်လိုက်ရ၍ ညိုမြိက စိတ်တော့ ရှည်ထွက်လာပါပြီ။

“ဘယ်မလဲ ပလတ်စတစ်ပြား...ဘယ်မလဲ မျက်နှာ သုတ်ပဝါ အသေး...”

“ကဲ...သင်းကြူ ယူပေးစမ်းဟယ်... ဟိုအံဆွဲထဲမှာ အဲဒီထဲ ထားတာ သူသိသားနဲ့ သူ့လက်က တိုနေလို့ တစ်ခါတည်း...”

ကြီးကြီးက ဝင်ကာ...

“ဟိုမှာ ပေါ့... ဒီနေ့ ပရိဘောဂ ဆိုင်ပိုင်ရှင်သားကို ပခုံးကို တို့ တိုကနေရတာ အခါတစ်ရာလောက်ရှိတော့တိုဝင်ပြီပေါ့...”

ညိုမြိက ရှက်ရယ်ရယ်ကာ ပခုံးတွန့်လိုက်သည် ။ ဒီနေ့ ရိုက်ကွင်းက အိမ်ထောင်ပရိဘောဂ အိပ်ရာခမ်းနားဆိုင်ရဲ့ ကြော်ငြာရိုက်ကွင်း ဖြစ်သ

ည် ။ သူဌေးကတော်နှင့် သူဌေးရဲ့ သား လိုက်ပါလာပါသည် ။ ကြော်ငြာ ရှင် သူဌေးသား ခပ်ချောချောကို ညိုမြ လိုက်အရောဝင်နေတာအမှန်ပင်။

"ညိုမြတို့ များ ကွယ်ရာရောက်ရင် လစ်ရင်လစ်သလို ဣန္ဒြေကို မရ ဘူး..."

"ပိတ်ထားပါ ဒီပါးစပ်က ... မျက်နှာသစ်မယ့်ဟာ ကရင်မ်တွေ ဝင် ကုန်မယ်..."

"ကားမောင်းလာတဲ့ လူကလည်း ငါတို့ ညိုမြကို ကွက်ကြည့်ကြည့်နဲ့ တဲ့ ...ညိုမြက မခေဘူးနော်..."

ကြီးကြီးသည် လည်း ဤလောကထဲနေ့စဉ်နှင့် အမျှ တူမနောက် လို က်ပါရလွန်း၍ စိတ်ပျို ကိုယ်နုကာ နောက်လားပြောင်လား နေတတ်လာ သည် ပင်။ အားလုံးနှင့် ခင်ခင်မင်မင် အရောဝင် နှုတ်သွက်မှ လည်း ပဲ ဤလောက၌ ဝင်ဆံ့နိုင်ပေမည် မဟုတ်လား။

"အောင်မာ ... ဒရိုင်ဘာများ ညိုမြ ထည့်စဉ်းစားစရာလား...ဟွန်း အ လကားပါ...နေ့လယ်ခေါက်ဆွဲစားတုန်းက ဒင်းက သူဌေးကတော်ကို ညိုမြ့အကြောင်း ပြောနေတာ ဟိုအခြောက်က ဘာညာနဲ့ သဲ့သဲ့ကြားလို က်ပါတယ်နော်...ဟွန်း... ကိုယ့်ဟာကိုယ် ခြောက်တော့ ဘာဖြစ်သေးလဲ ...သူ့အပူ ဘယ်နှပြားပါနေလဲ လူကို မှိုချိုးမျှစ်ချိုး မျက်နှာကြော မတ ည့်ပါဘူး...ဟဲ့ ဒီပါးစပ်ကပွင်လာပြန်ပြီ...ရယ်မနေနဲ့ ... ဟုတ်တယ် ဒေါ ပွတယ် ... လူကို အခြောက်ခေါ်ရင် ဖက်ကုတ်ပစ်ချင်တာ..."

ကြီးကြီးရော စန်းမြတို့ သင်းကြူတို့ ပါမကျန် တဟားဟား ပွဲကျနေ ရပါသည် ။ ညိုမြက ကျွမ်းကျင်သော လက်များ နှင့် ဆိမ့်ရဲ့ မျက်နှာကို ကရင်မ်နှင့် ဆေးပေးနေသလို ပါးစပ်ကလည်း မနား အမူအရာကလည်း ပါလိုက်သေးသည် ။

ညိုမီနှင့်က လက်တွဲလာတာ ကြာပြီဖြစ်၍ ဆွေမျိုးနှယ်ပင် ခင်မင်ရင်းနှီးလှကာ အသိစိတ်ထဲမှာ လည်း ယောကျ်ားတစ်ယောက်ရယ်လို့ ပင်မြင်လို့ မရတော့ဘဲရှိသည် ။

"တီ...တီ...တီ..."

"ဟော... ဘဲလ်သံ... လာပြီ..."

ညိုမီက ခေါင်းလေးထောင်ကာ ရေရွတ်လိုက်၍ ကြီးကြီးက ဇဝေဇဝါနှင့်...

"ဘယ်သူလာတာလဲ..."

"သိဘူးလေ...တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပေါ့..."

သင်းကြူက တံခါးဖွင့်ရန် ထွက်သွားသည့် နောက် ကြီးကြီးလည်း ထ၍ လိုက်ပါသွားပါသည် ။

ညိုမီကလည်း လက်က ဆိမ့်မျက်နှာကို ပွတ်သပ် နှိပ်နယ်နေရင်း လည်ပင်းကို ဘေးထုတ်ကာ ခန်းဆီးအလယ်ပေါက်ကြားမှ လှမ်းမျှော် စပ်စုသည် ။ ဆိမ့်ကတော့ မျက်စိဖွင့်လို့ မရသေးတာကြောင့် စင်ကလေးပေါ် လဲလျောင်းရင်းမှ ပဲ နားစွင့်နေရပါသည် ။

"အော်...ဘယ်သူတွေများ လဲလို့ ...ဆရာကိုဝင်းသုတို့ ကိုး...လာ ဆရာ ...ထိုင်ပါ..."

"မင်းသမီးရော အိပ်သွားပြီလား..."

"ဒီအချိန် မအိပ်နိုင်သေးပါဘူး ဆရာရယ်...ခေါင်းလျှော်နေလေရဲ့ ...ပြီးရင် သူ့အိတ် ရှင်းပေးရဦးမယ်...တော်သေးတယ် နက်ဖြန်အားလို့ ...

ဦးသစ်လွင်နဲ့ ကားမရိုက်ဖြစ်လို့ လေ… အဲဒီကားဖျက်တယ် သတင်းကြားလို့ နေကမ္ဘာကုမ္ပဏီက ရက်လာဦးသေးတယ် ဆိမ့်က နားချင်နေတာနဲ့ ငြင်းလိုက်ရတယ် … တစ်ရက်မှ မနားရတာ နှစ်လဆက်တိုက် ရှိပြီ ကိုဝင်းသုရဲ့ လူတောင် လဲတော့မှာ စိုးရတယ် …အားဆေးတွေတိုက်ပေးနေရတယ်…”

ကိုဝင်းသု ဘေး၌ ကပ်ပါလာသော သုန္ဒရသည် တိတ်တိတ်ဆိတ်ဆိတ်ပင်ထိုင်ကာ ကြီးကြီးကို အကဲခတ်နေမိသည် ။ သူက ဆိမ့်ရဲ့ ကြီးကြီးကို မမြင်ဘူးပါ။ ဆိမ့်ရဲ့ အမေကိုတော့ မြင်ဖူးရုံ မြင်ဖူးလိုက်ပါသည် ။

“နေကမ္ဘာကို ငြင်းလိုက်ပေမယ့် ကျွန်တော့်ကိုတော့ ငြင်းမရဘူးနော် …”

“ဗုဒ္ဓေါ…ဒီအပတ်လား…”

“ဟုတ်တယ်… ကျွန်တော်လည်း သတင်းကြားလို့ လိုက်လာတာပဲ… ”

“ဘယ် ကုမ္ပဏီလဲ”

“ကုမ္ပဏီသစ်လေ… မုတ်သုန်မိုး ကုမ္ပဏီတဲ့ …”

“အော…ဟိုတစ်လောကမှ ထောင်တဲ့ ကုမ္ပဏီနော်…ဂျာနယ်ထဲတော့ ကုမ္ပဏီဖွင့်ပွဲနဲ့ ကန်တော့ပွဲသတင်း ဖတ်လိုက်ရပါတယ်…”

“ဟုတ်ကဲ့…ဒါ ကုမ္ပဏီပိုင်ရှင်ပဲ…ကိုသုန္ဒရတဲ့ အာစိဒါ … ဆိမ့်ရဲ့ ကြီးကြီးပေါ့…ဒေါ်ခင်ဥမ္မာတဲ့ …”

“ဟုတ်ကဲ့…ခင်ဗျား …တွေ့ရတာ ဝမ်းသာပါတယ် ကြီးကြီး…”

“ကုမ္ပဏီဟောင်းလိုပဲ ဆက်ဆံပါ ကြီးကြီးရယ်…ဒီကုမ္ပဏီပိုင်ရှင်က

စကားနည်းတယ်…ကျွန်တော်ချည်း လေကုန်ရမယ့် သဘောရှိတယ်…”

“ဩော်…ကုမ္ပဏီပိုင်ရှင်လား…မင်းသားသစ်များ လား ကိုဝင်းသု တင်မလို့ လားလို့ ကြည့်နေတာ ဟင်းဟင်းဟင်း…”

သုန္ဒရသည် ရော၍ ဟဲဟဲလိုက်ရကာ ရှက်အမ်းသော မျက်နှာက နီမြန်းလာရပါသည်။

“သူမင်းသား မလုပ်ရရင် နေပါစေတဲ့ …ရှိတဲ့ မင်းသားမင်းသမီးတွေကိုပဲ လုပ်ကျွေးချင်လို့ တဲ့ ဒီလောကထဲ ဝင်လာတာ…”

“ဟင်းဟင်း…ကိုဝင်းသုက စ,နေ…ကုမ္ပဏီပိုင်ရှင်က ဖြင့်ရှက်လို့ အသက်လည်း ငယ်ငယ်ပဲရှိသေးမယ်နော်…ငါ့တူ မိဘတွေ လုပ်တာလား …ငါ့တူကိုယ်တိုင်ပဲ လုပ်တာလား…”

“ကျွန်တော်ကိုယ်တိုင်ပဲ လုပ်တာပါ ကြီးကြီး…”

“ကုမ္ပဏီသစ်ဆိုတာလည်း တော်ကြာနေတော့ဟောင်းသွားတာပါပဲ …ကုမ္ပဏီဟောင်းတွေ ဆိုတာလည်း အရင်က အသစ်ပါပဲ…အားလုံးနဲ့ လက်တွဲဖို့ အဆင်သင့်ပါပဲကွယ်…ဒါပေမဲ့ ဒီခြောက်ရက်ကိုတော့ သူက နားမယ်လုပ်ထားတော့ … သူ့သာ မေးကြည့်ကြပေတော့ … ကြီးကြီးနဲ့ မပြီးလို့ ပေါ့…ပင်ပန်းရတော့ သူ ပင်ပန်းရတယ် မဟုတ်လား…”

ကြီးတော်ဖြစ်သူဟာ အတော်စကားပြော မွန်ရည် ပါးနပ်ပါသည်။

“ပင်ပန်းလက်စနဲ့ ဆက်ပင်ပန်းခံလိုက်ပါလို့ ပြောရတော့မှာ ပဲ … နောက်တစ်ကြိမ်ကြုံမှ ပဲ နားပါစေတော့ ကြီးကြီးရာ…အဲသလိုသာ ပြောလိုက်တော့…”

ကြီးကြီးက ရယ်နေရင်း…

“မင်းသားကတော့…”

“နေလွင်ပဲ…”

“ဩော် …ဖိုးငယ်ပဲ …နောက်တစ်ပတ်လည်း ဖိုးငယ်နဲ့ ပဲ ဆက်ဝင်ရမှာ …”

“အဲဒါ ကြီးကြီး ပြောပါဦး… ပိုက်ဆံရမှာ ကြောက်လို့ ထင်တယ်… မင်းသမီးလည်း ထွက်မလာတော့ပါလား…”

“ပြီးတော့မှာ ပါ…ဂါဂူးရေ ဂါဂူး ဟောဒီမှာ ညည်းဆရာ ကိုဝင်းသု ရောက်နေတယ်ဟေ့ … ပြီးရင် လာဦး…”

‘ဂါဂူး’ဟူသော သူစွဲလမ်းခဲ့သည့် အိမ်နာမည်လေး ကြားလိုက်ရ၍ သုန္ဒရ ရင်ထဲမှာ လှုပ်သွားပါသည် ။ ဂါဂူးဆိုတဲ့ ဆိမ့်ရဲ့ အိမ်နာမည်လေးဟာ မင်းသမီးဖြစ်တဲ့ အထိပဲ မပျောက်ပျက်ပါလား။ သူ စသိတော့လည်း ဤနာမည်ကလေးနှင့်သာတည်း။

“ပြီးတော့မယ်…ပြီးတော့မယ်…”

ခန်းဆီးဖြူကြီးနောက်ကွယ်မှ လိမ်ဖယ်ဖယ်သံထွက်လာ၍ သုန္ဒရ မျက်ခုံးမြင့် သွားရကာ ကိုဝင်းသု ကတော့ ဆုံတွေ့နေဖူးသူ ဖြစ်သည့်အလျောက်…

“မာမီညို … မပြန်သေးဘူးလား…”

“ပြန်နိုင်ရိုးလား… ဟော့ဒီမင်းသမီးက လောကမှာ သူတစ်ယောက်တည်း ပင်ပန်းတက်တဲ့ ပုံနဲ့ …ပြီးတော့မယ် ခဏလေး…”

ဆိမ့်သည် ဘာသံမှ ပြန်မပေးဖြစ်ဘဲ ကြားနေရသော စကားတွေထဲက ‘သုန္ဒရ’ဆိုသည့်အမည်ကို တိတ်ဆိတ်စွာ စိတ်ဝင်စားနေပါသည် ။

ဤအမည်မျိုးဟာ မှ ည့်သူရှိလျှင်တောင် အရေအတွက်တော့ နည်းပါး ကာ ရှားမှာ ပါ။ သုန္ဒရတဲ့ ။ ဝန္ဒရဲ့ ညီ သုန္ဒရပဲများ လား။

ဖြူဖွေးစိမ်းလွင်လေသော အသားအရေ လတ်လတ်ဆတ်ဆတ်ပေါ်မှ မည်းမှောင်ညိုပြစ်သော မျက်ခုံးကြီးတစ်တန်းနှင့် မျက်လုံးစူးစူးတောက် တောက်ကလေး အလွန်လှပတဲ့ ဟိုကောင်လေး သုန္ဒရတော့ မဖြစ်နိုင် ဘူး ထင်ပါရဲ့ ။သူတို့ မိသားစုကတော့ ဒီ ရုပ်ရှင် ဗီဒီယိုလောကကို နှစ် သက်သဘောကျတာမှ မဟုတ်ဘဲ။

"တော်ပြီ...ညိုမီ...ဇက်ကြောတွေ ဆွဲမနေနဲ့ တော့...ကိုဝင်းသု အား နာစရာကြီး..."

"မင်းသားသစ်လို့ တောင် ထင်ရတဲ့ ကုမ္ပဏီပိုင်ရှင် ပေါက်စကို အား နာတာများ လား..."

"ဘာဆိုင်လို့ လဲ ညိုမီကလည်း ... မြင်တောင် မမြင်ရသေးဘဲနဲ့ ကို ယ့်မျက်နှာသိ ကိုယ်အားနာတာပေ့ါ..."

"ပြီးတာပဲ..."

ခေါင်းက ပခုံးကျော်လွန်ကာ အဖျားခွေခွေဆံပင်လေးတွေဟာ ရေစို ကွေးလိမ်နေကာ ခေါင်းကလေးက သေးကပ်နေ၍ မလှမှာ မပူရ။ ဆိမ့် ဆိုသော မင်းသမီးဟာ ဆံပင်မပါရင်တောင် အကြီးအကျယ် လှနေမှာ လူတိုင်းသိပြီးသားပင်။ ညိုမီက ဆိမ့်ခေါင်းက ဆံပင်ရေစိုကိုမျက်နှာသု တ်ပဝါနုအသေးကလေးနှင့် ကျစ်ကျစ် ပေါင်းထုပ်ပေးလိုက်သည် ။

ပကတိ ဘာအခြယ်အသမှ မရှိသည့် အသန့်ရှင်းဆုံး မျက်နှာနှင့်ပင် ဆိမ့်က ဇာခန်းဆီးဖြူကို မကာ ဧည့်ခန်းသို့ ထွက်လာပါသည် ။ ဖျက်ခနဲ သူမထံ လာရောက်အကြည့်ချင်း ဆုံလိုက်သော မျက်နှာကလေး တစ်စုံ

ဟာ လျှပ်တစ်ပြတ်အတွင်း အောက်ပြန်စိုက်သွားလေသည် ။

ဘုရားရေ…

တကယ့်ကို ဟိုကောင်ကလေး သုန္ဒရပါပဲလား။ ဆိမ့် အံ့ဩလှပါသည် ။ သူလို လူရွယ်လေးတစ်ယောက် ပရိဂျူဆာ လုပ်လာသည် မှာ သစ်ကုလားအုတ် အမဲသားစားသလို မဆီမလျော် အံ့ဩလွန်းစရာ ဖြစ်နေပါသည် ။

ဆိမ့်ကား ဖျက်ခနဲ ရင်ထဲလှုပ်ရှားသွားသော်လည်း မင်းသမီးကောင်း တစ်လက်ပီပီ အလွယ်ကလေး ဟန်ဆောင်ထားလိုက်နိုင်ပါသည် ။

“ဩော် …သုန္ဒရကိုး…”

ကိုဝင်းသုက ပြုံးရင်း…

“ဟုတ်တယ်…ဟုတ်တယ်…သူပဲ၊ မိတ်ဟောင်းတွေ မဟုတ်လား… ရက်ပေးလိုက်စမ်းပါ ဂါဂူးရယ်…နောက်မှ နားတော့ မနက်ဖြန် ကျွန်တော်တို့ ပဲ ပေးလိုက်”

ဆိမ့်သည် အမှန်တော့ ဘယ်သူလာလာ ငြင်းဖို့ ရည်ရွယ်ထားသည် ပင်။ သူမ တကယ့်ကို အနားမရသည် မှာ ကြာပြီ။ ဈေးဝယ်ကလေး တောင်မှ မထွက်ရတာ ကြာပြီ။ သူမ ကားရိုက်နေတုန်း ကြီးကြီးနှင့်ညီမ သာ ထွက်၍ ဝယ်ခြမ်းလာခဲ့ပေးရသည် အထိပင်။ လူရော စိတ်ပါ နွမ်းနယ်နေ၍ အမှန်တကယ် အနားယူဖို့ စဉ်းစားထားတာပင်။

ဆိမ့်က ဣန္ဒြေရရ ဝင်ထိုင်လိုက်ရင်း…

“ကြီးကြီး…သူက ဝန္ဒရရဲ့ ညီအငယ်လေ…”

ကိုဝင်းသုက သုန္ဒရပြောစကား ကြားထားဖူးသည် နှင့်ထောက်၍ …

"ဟုတ်တယ်...သူပြောတယ်... မင်းသမီးဆိမ့်က သူ့အစ်ကိုရဲ့ သူငယ်ချင်း ဖြစ်ဖူးတယ်တဲ့ ..."

ဆိမ့်က ပြုံးလိုက်ပါသည် ။ လူကြီးလုပ်၍ ဣန္ဒြေ ရရ ပြောဆိုဆက်ဆံနိုင်အောင် ကြိုးစားပမ်းစား တည်ဆောက်နေသော သုန္ဒရသည် ဆိမ့်ရဲ့ အဓိပ္ပာယ်ပါပါ ဤအပြုံးတစ်ချက်ကြောင့် မနေတတ် မထိုင်တတ် ဖြစ်ရပြန်ပါသည် ။

"အလကားပါ ဆရာရယ်..."

"ဗျာ...အလကားလား.."

"ဟုတ်တယ်...အလကား...သူ့အစ်ကို၊ သူ့သူငယ်ချင်း မဟုတ်ပါဘူး ...သူ့အစ်ကို ရည်းစားဟောင်းပါ..."

"ဟဲ့...ဂါဝူး..."

ပွင့်လင်းလှသည့် ဆိမ့်အပြောကြောင့် ကြီးကြီးပင် ဝင်ဟန့်ထားလိုက်ရကာ ကိုဝင်းသုလည်း မျက်လုံးပြူးသွားရပါသည် ။

" မဟုတ်ဘူး လား သုန္ဒရ..."

သုန္ဒရသည် လူကြီးလို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် မျက်နှာမျိုးထားလို့ ကို မရဘဲ မျက်နှာပျက်၍ နေလေသည် ။ ဆိမ့်ကိုလည်း မကျေနပ်။ ကိုဝင်းသုကို ဒါရိုက်တာအဖြစ် ဆိမ့် ခင်မင်ရင်းနှီး နေနိုင်သော်လည်း ကိုယ်ရေးကိုယ်တာ အတွက်မူ ယောကျ်ားသူစိမ်းပင်။ ဤသို့ စကားမျိုး အလွယ်တကူ ပြောထွက်နိုင်လောက်အောင် ဆိမ့်ရဲတင်းပွင့်လင်းနေခြင်းကို သုန္ဒရ သဘောမကျ။ မနှစ်မြို့။

"ကဲ...ပြောလေ သုန္ဒရ...တို့ ဆီက ရက်လိုချင်တယ်ဟုတ်လား...မင်းသမီး ဆိမ့်ဆီက ကားရိုက်ရက်ကို သုန္ဒရ လာတောင်းယူနေတယ်ဆိုတဲ့

အဖြစ်ဟာ တို့ အတွက် အလွန်ကြီးကျယ်ခမ်းနားစွာ အံ့သြစရာ ဖြစ်နေတယ်..တကယ်ပဲလား…အိမ်မက် မက်နေတာများ လား…”

သုန္ဒရက သက်ပြင်းချရင်း…

“ဟုတ်တယ်… မဂါဂူး … ကျွန်တော် မဂါဂူးဆီက ရိုက်ရက်လိုချင်တယ် …လာတောင်းရတော့မှာ ပဲပေါ့… ကျွန်တော် ပရိုဂျူဆာလုပ်မိပြီး မဂါဂူးက တော့ပ် မင်းသမီးတစ်လက် ဖြစ်နေတာကိုး…”

“ဩော်…တကယ်ပဲကိုး…တို့ ကိုယ်တို့ ချီးကျူး ဂုဏ်ယူမိပါတယ်… တို့ ရိုနေတာ မဟုတ်ဘူး နော်…တကယ် ပြောနေတာ ဒီခြောက်ရက်ကို တကယ်နားပစ်ဖို့ အစီအစဉ် လုပ်ထားတာ အမှန်ပဲ…ငြင်းတောင် ငြင်းပစ်နေတာပါပဲ…ဒါပေမဲ့ …သုန္ဒရကိုယ်တိုင် တို့ ဆီက ကားရိုက်ရက် လာတောင်းယူနေတယ်ဆိုတဲ့ အဖြစ်အပျက်က ဂုဏ်ယူစရာမို့ ဆုံးဖြတ်ချက်ကို တစ်ထိုင်တည်း ပြင်လိုက်တယ်…သုန္ဒရကိုတော့ ဘယ်ငြင်းလို့ ရမလဲ ပေးရမှာ ပေါ့လေ…”

သုန္ဒရက ဆိမ့်ကို မျက်လွှာလှန်ကာ ကြည့်လိုက်ပါသည် ။ ကိုဝင်းသုကား သူတို့ နှစ်ဦးကို တအံ့တသြ တစ်လှည့်စီကြည့်ရင်း…

“မင်းသမီးရေ… ကြေးလေးများ ဘယ်လို…”

“ထုံးစံတွေ ဆရာသိနေတာပဲ..ဒါပေမဲ့ သုန္ဒရနဲ့ က ကြေးပြောရမယ့်သူ မဟုတ်ဘူး …”

သုန္ဒရက မျက်လွှာကို ပြန်ချလိုက်ပါသည် ။

*